

# နာတာရှည်ဆေးရုံတွေးထင်ထားသည်များနှင့်တကယ့်လက်တွေ့ရုံ

## နာတာရှည်ဆေးရုံဝန်ဆောင်မှုဆိုသည်မှာ ...

**တွေးထင်ထားသည်များ**

နေရာ - အိမ်မှာနေလို့မရဘူး။

**တကယ့်လက်တွေ့**

နာတာရှည်ဆေးရုံဆိုသည်မှာ ပြုစုစောင့်ရှောက်မှုဆိုင်ရာ ဒဿနတစ်ရပ်ဖြစ်ပြီး နာတာရှည်လူနာပြုစုစောင့်ရှောက်မှုကို ကာယကံရှင်လူနာနှင့် ၎င်း၏ချစ်သူခင်သူများဆန္ဒရှိသော နေရာတွင်သာ ရယူနိုင်စေရပါမည်။ ၎င်းတွင် နေအိမ်၊ ကျွမ်းကျင်ပညာရှင်များရှိရာ ဘိုးဘွားရိပ်သာ၊ နေထိုင်မှုဘဝအထောက်အကူပြုပစ္စည်းကိရိယာအစုံအလင်ရှိသည့် ဆေးရုံ သို့မဟုတ် နာတာရှည်ဆေးရုံဝန်ဆောင်မှုများပါဝင်သည်။

**တွေးထင်ထားသည်များ**

ကင်ဆာဝေဒနာရှင်များအတွက်သာ ဖြစ်သည်။

**တကယ့်လက်တွေ့**

နာတာရှည်ရောဂါလူနာများထဲတွင် ကင်ဆာဝေဒနာရှင်က အများဆုံးဖြစ်သည်။ သို့သော် နှလုံးအလုပ်မလုပ်တော့ခြင်း၊ သက်ကြီးမှတ်ဉာဏ်လျော့ရောဂါ၊ ကျောက်ကပ်ပျက်စီးခြင်း သို့မဟုတ် ဦးနှောက်အာရုံကြောမျှင်ပျက်စီးသည့် ရောဂါများကြောင့် အသက်အကန့်အသတ်ဖြင့်သာ ရှင်သန်နိုင်တော့မည့်သူ သို့မဟုတ် ရောဂါကျွမ်းနေသူများသည်လည်း နာတာရှည်ဆေးရုံဝန်ဆောင်မှုကို ရယူရန် သတ်မှတ်ချက်ပြည့်မီသည်။

**တွေးထင်ထားသည်များ**

သက်ကြီးရွယ်အိုများကိုသာ ပံ့ပိုးပေးသည်။

**တကယ့်လက်တွေ့**

နို့စို့ကလေးအရွယ်မှသည် အသက်အရွယ်အလွန်ကြီးမြင့်သူများအထိ အသက်အရွယ်မရွေးဘဲ ဝန်ဆောင်မှုပေးနေသည့် နာတာရှည်ဆေးရုံများစွာရှိသည်။

**တွေးထင်ထားသည်များ**

မတတ်သာသည့်အဆုံး ခိုနားရာ နေရာဖြစ်သည်။

**တကယ့်လက်တွေ့**

ဆေးမတိုးတော့သည့် အခါများတွင် နာကျင်ကိုက်ခဲမှုကို ထိန်းချုပ်ရန်၊ စိုးရိမ်ပူပန်စိတ်လျော့ပါးစေရန်၊ နာတာရှည်ကျွမ်းကျင်ပညာရှင်များဘက်က လုပ်ဆောင်ပေးနိုင်သည့် ကိစ္စရပ်များစွာရှိသည်။ ရောဂါကျွမ်းနေသည့် ဝေဒနာရှင်များနှင့် ၎င်းတို့၏မိသားစုများအား ဘာသာရေးအရ၊ စိတ်ခွန်အားပေးကာ လူနေမှုဘဝအရည်အသွေးကို တိုးတက်ဖော်ဆောင်ပေးပါသည်။

## နာတာရှည်ဆေးရုံမည်သည် ...

**တွေးထင်ထားသည်များ**

ကျွန်ုပ်၏ဆရာဝန်များကပင် ကျွန်ုပ်အပေါ် လက်လျှော့လိုက်လေပြီ။

**တကယ့်လက်တွေ့**

အမှန်အတိုင်းလက်ခံရန်ကလွဲ၍ အခြားမရှိပေပြီ။ သက်သောင့်သက်သာရှိရှိ၊ ဂုဏ်သိက္ခာရှိရှိဖြင့် အသက်ရှည်ရှည်နေရဖို့သာ အရေးကြီးတော့သည်။ ပြုစုစောင့်ရှောက်မှု၏အဓိကရည်ရွယ်ချက်မှာ ရောဂါပျောက်ကင်းသည်အထိ ကုသနိုင်စေရန်အတွက် မဟုတ်ဘဲ ရောဂါကြောင့် ဖြစ်ရသည့် နာကျင်မှုနှင့် အခြားသော လက္ခဏာများလျော့ပါးသက်သာသွားစေရန်ဖြစ်သည်။

**တွေးထင်ထားသည်များ**

ကျွန်ုပ် စိတ်လျှော့လိုက်တော့မည်။

**တကယ့်လက်တွေ့**

နာတာရှည်ဆေးရုံကို ရွေးချယ်ခြင်းသည် လူနေမှုဘဝအရည်အသွေးကို အကောင်းဆုံးသော အထောက်အကူပြုစနစ်နှင့် အတူ စူးစိုက်လုပ်ဆောင်သွားရန် ရွေးချယ်လိုက်ခြင်းဖြစ်သည်။

**တွေးထင်ထားသည်များ**

အနေးနှင့် အမြန်ရောက်လာမှာ သေခြင်းတရားပါ။

**တကယ့်လက်တွေ့**

နာတာရှည်ဆေးရုံ၏ရည်ရွယ်ချက်မှာ အသက်ကိုဆွဲဆန့်ရန် သို့မဟုတ် သေခြင်းတရားကို နှောင့်နှေးအောင် လုပ်ရန်မဟုတ်ဘဲ လူနာ၏နောက်ဆုံးနေ့ရက်၊ ရက်သတ္တပတ်များတွင် ၎င်းနေထိုင်ရသည့် ဘဝကို အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးရန်ဖြစ်သည်။ နာတာရှည်ပြုစုစောင့်ရှောက်မှုရယူသည့် လူနာများသည် အသက်ပိုရှည်ပြီး လူနေမှုဘဝအရည်အသွေးလည်း ပိုမိုကောင်းမွန်တိုးတက်လာကြောင်းကို လေ့လာမှုများက ပြသနေသည်။

**တွေးထင်ထားသည်များ**

ဆရာဝန်ကလည်း ကျွန်ုပ်ကို လက်လျှော့သွားပါပြီ။

**တကယ့်လက်တွေ့**

ရောဂါကျွမ်းနေသူများအဖို့ ကုထုံးခံယူစေခြင်းထက်စာလျှင် နာတာရှည်ပြုစုစောင့်ရှောက်မှုခံယူစေခြင်းက ပိုမိုသင့်လျော်ပါသည်။ ရောဂါလက္ခဏာများကို စီမံခန့်ခွဲမှု၊ ဘာသာရေးအရ၊ စိတ်ခံစားချက်အရ၊ စိတ်ပိုင်းဆိုင်ရာအရ သက်သောင့်သက်သာဖြစ်မှုကို ပေးမှုကို အဓိကထားဖော်ဆောင်ပေးသည့် နာတာရှည်ပြုစုစောင့်ရှောက်မှုကို ခံယူရန် ဆရာဝန်ကလည်း တိုက်တွန်းနိုင်သည်။

**တွေးထင်ထားသည်များ**

ကျွန်ုပ်၏ကင်ဆာအထူးကုဆရာဝန်ကလည်း ကျွန်ုပ်ကိုဆက်လက်ကုသပေးတော့မည်မဟုတ်ပါ။

**တကယ့်လက်တွေ့**

နာတာရှည်ပြုစုစောင့်ရှောက်မှုကို ခံယူနေစဉ် သင့်ကင်ဆာအထူးကုဆရာဝန်နှင့်လည်း ဆက်လက်ပြသနိုင်ပါသည်။ သင့်ကင်ဆာအထူးကုဆရာဝန်သည် ကီမိုဆေးအားလုံးကို ရပ်လိုက်မည်ဖြစ်သော်လည်း ရောဂါလက္ခဏာစီမံခန့်ခွဲမှု၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခွန်အားပေးမှုများကို ဆက်လက်ပံ့ပိုးပေးနေပါမည်။

**တွေးထင်ထားသည်များ**

ကျွန်ုပ်၏ဆရာဝန်က နာတာရှည်ဆေးရုံအကြောင်း ပြောပြခြင်းသည် ကျွန်ုပ်သေတော့မည်ဟု ဆိုလိုလိုက်ခြင်းဖြစ်သည်။

**တကယ့်လက်တွေ့**

ဆရာဝန်များအနေဖြင့် နာတာရှည်ဆေးရုံအကြောင်းကို လူနာများအမှန်တကယ်လိုအပ်လာသည့် အချိန်မတိုင်မီ အစောကြီးကတည်းက ကြိုတင်ပြောဆိုထားသင့်ကြောင်းကို သုတေသနတစ်ရပ်က ဖော်ပြနေသည်။ သို့မှသာ လူနာများအနေဖြင့် ၎င်းတို့ဆန္ဒရှိရာကို တွက်ဆစီစဉ်ရန် အချိန်ရမည်ဖြစ်ပါသည်။ လူနာများနာမကျန်းဖြစ်လာသည့် အချိန်မတိုင်မီ ၎င်းတို့ဖြစ်လိုသည့် ဆန္ဒများကို မိသားစုနှင့် မိတ်ဆွေများကို ပြောထားရန် အချိန်အလုံအလောက်ရမည်ဖြစ်ပါသည်။

## နာတာရှည်ဆေးရုံတွင် တက်ရောက်နေစဉ် ...

**တွေးထင်ထားသည်များ**

ကျွန်ုပ်စိတ်ပြောင်းသွားစေကာမူ နာတာရှည်ဆေးရုံတွင် မဖြစ်မနေဆက်နေရပါမည်။

**တကယ့်လက်တွေ့**

ရောဂါကျွမ်းနေသူများအဖို့ ကုထုံးခံယူစေခြင်းထက်စာလျှင် နာတာရှည်ပြုစုစောင့်ရှောက်မှုခံယူစေခြင်းက ပိုမိုသင့်လျော်ပါသည်။ ရောဂါလက္ခဏာများကို စီမံခန့်ခွဲမှု၊ ဘာသာရေးအရ၊ စိတ်ခံစားချက်အရ၊ စိတ်ပိုင်းဆိုင်ရာအရ သက်သောင့်သက်သာဖြစ်မှုကို ပေးမှုကို အဓိကထားဖော်ဆောင်ပေးသည့် နာတာရှည်ပြုစုစောင့်ရှောက်မှုကို ခံယူရန် ဆရာဝန်ကလည်း တိုက်တွန်းနိုင်သည်။

**တွေးထင်ထားသည်များ**

ဆေးဝါးများနှင့် ကုသမှုများကို ရပ်လိုက်မည် သို့မဟုတ် မပေးဘဲထားတော့မည်။

**တကယ့်လက်တွေ့**

ဆန့်ကျင်ဖက်ဖြစ်သည်။ နာတာရှည်ဆေးရုံအနေဖြင့် ဆေးဝါးများနှင့် ကုသမှုများကို လိုအပ်သလို အသုံးချ၍ ဝေဒနာများနှင့် ရောဂါလက္ခဏာများကို လျော့ပါးသက်သာစေမည်ဖြစ်ပြီး လူနာများကိုလည်း သက်သောင့်သက်သာရှိအောင် ထိန်းထားပေးသွားမည်ဖြစ်ပါသည်။

**တွေးထင်ထားသည်များ**

အာဟာရ နှင့်/သို့မဟုတ် အရည်ကို လူနာအား မပေးဘဲထားမည်။

**တကယ့်လက်တွေ့**

နောက်ဆုံးထွက်သက်သို့နီးကပ်နေပြီဖြစ်သည့် လူနာများအား အာဟာရပေးရာတွင်၊ အရည်ပေးရာတွင် ထည့်သွင်းစဥ်းစားရမည့် အကြောင်းအချက်များစွာရှိပါသည်။ လူနာရောဂါတိုးလာသည်နှင့်အမျှ အစားအစာများကို ခန္ဓာကိုယ်က စီမံချေဖျက်နိုင်စွမ်းလျော့လာသည်ဖြစ်ရာ ရောဂါကျွမ်းနေသည့် လူနာများအနေဖြင့် အစားအသောက်နည်းစပြုလာမည်ဟု မျှော်လင့်ထားကြပါသည်။

**တွေးထင်ထားသည်များ**

မော်ဖင်းကို စောစီးစွာ သေဆုံးစေရန် သို့မဟုတ် အချိန်မတိုင်မီ သေဆုံးစေရန်အတွက် ပေးကြသည်။

**တကယ့်လက်တွေ့**

နာတာရှည်ဆေးရုံမှ သမားတော်များကို မော်ဖင်းအသုံးပြုတတ်စေရန်နှင့် လူနာ၏ဝေဒနာလျော့ပါးသက်သာစေရန် သို့မဟုတ် အသက်ရှူနိုင်အောင် ကူညီရန်အတွက် လိုအပ်သည့် ဆေးချိန်ပမာဏကိုသာ ပေးတတ်စေရန်အတွက် အထူးတလည်လေ့ကျင့်ပေးထားပြီးဖြစ်သည်။ မှန်မှန်ကန်ကန်ပေးတတ်မည်ဆိုပါက မော်ဖင်းသည် ရောဂါကျွမ်းနေသည့် လူနာများအား နေထိုင်မှုဘဝအရည်အသွေးပိုမိုတိုးတက်ကောင်းမွန်စေရန် ကူညီပေးပါသည်။

## နောက်ထပ်အမှန်တရားများ

**တွေးထင်ထားသည်များ**

မိသားစုမရှိ၊ တစ်ကိုယ်တည်းသမားဆိုတော့ နာတာရှည်ဆေးရုံဝန်ဆောင်မှုမရလောက်ဘူး။

**တကယ့်လက်တွေ့**

တစ်ယောက်တည်းသမားဖြစ်နေစေကာမူ နာတာရှည်ဆေးရုံဝန်ဆောင်မှုရယူရန် စာရင်းသွင်း၍ရသည်။ သင့်အားပြုစုစောင့်ရှောက်မှုအတွက် သင့်တော်မည့် အစီအစဥ်ကို ဆုံးဖြတ်နိုင်ရန် နာတာရှည်ဆေးရုံဘက်က ကူညီပေးပါမည်။

**တွေးထင်ထားသည်များ**

နာတာရှည်ဆေးရုံအားလုံးသည် ဘာသာရေးဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုထားသည်။

**တကယ့်လက်တွေ့**

ခရစ်ယာန်ဘုန်းတော်ကြီးများအပြင် သက်ဝင်ယုံကြည်မှုအမျိုးမျိုးရှိနေသူများအတွက် သက်ဆိုင်ရာ ဘာသာအလိုက် အတိုင်ပင်ခံဆွေးနွေးသူများကိုလည်း နာတာရှည်ဆေးရုံက ပံ့ပိုးပေးနေပါသည်။ နာတာရှည်ဆေးရုံများသည် အမျိုးမျိုးသော ယဥ်ကျေးမှုများနှင့် ရှုထောင့်များအားလုံးကို တန်ဖိုးထားလေးစားပြီး လူနာနှင့် လူနာမိသားစုများ၏စိတ်ခံစားချက်များနှင့် အမြင်ရှုထောင့်များကို နှစ်သိမ့်ဆွေးနွေး၊ စိတ်ခွန်အားပေးပါသည်။

**တွေးထင်ထားသည်များ**

နာတာရှည်ဆေးရုံကို မဖြစ်မနေရွေးချယ်ပါမည်။

**တကယ့်လက်တွေ့**

နာတာရှည်ဆေးရုံသည် မိမိဆန္ဒအလျောက်ရယူနိုင်သည့် အကျိုးခံစားခွင့်ဖြစ်သည်။ ရွေးချယ်၍လည်း ရသလို မရွေးချယ်၍လည်း ရသည်။ သင့်သဘောအတိုင်းသာဖြစ်သည်။

**တွေးထင်ထားသည်များ**

မိသားစုဝင်ကို နာတာရှည်ဆေးရုံတွင် တင်ထားစဥ်အခိုက်တွင် အဓိကပြုစုစောင့်ရှောက်သူအဖြစ် လိုက်ပါပြုစုပေးရန်အတွက် အလုပ်ထွက်ရန် လိုသည်။

**တကယ့်လက်တွေ့**

သင့်မိသားစုဝင်ကို နာတာရှည်ဆေးရုံသို့ တင်သည့်တိုင်အောင် သင်အလုပ်ထွက်စရာ မလိုပါ။ သင့်အခြေအနေကို နာတာရှည်ဆေးရုံနှင့်ရော၊ သင့်အလုပ်ရှင်နှင့်ပါ ဆွေးနွေးပါ။
ရွေးချယ်ပိုင်ခွင့်များစွာရှိနေပါသည်။
နာတာရှည်ဆေးရုံပြုစုစောင့်ရှောက်မှုကို အိမ်တွင် ပံ့ပိုးပေးအပ်မည်ဆိုပါက လိုင်စင်ရ သမားတော်ထံသို့ သွားရောက်ပြသရမည့်အစား ၎င်းသမားတော်က အိမ်သို့လာကြည့်ပေးမည်ဖြစ်ပါသည်။ အဓိကပြုစုစောင့်ရှောက်သူတာဝန်ကို ယူထားရသည့် မိသားစု သို့မဟုတ် မိတ်ဆွေများကို နာတာရှည်ဆေးရုံမှ သူနာပြု၊ သူနာပြုအကူ၊ သမားတော်၊ လူမှုဝန်ထမ်းနှင့် ဘာသာရေးအတိုင်ပင်ခံများပါဝင်သည့် ကျွမ်းကျင်ပညာရှင်များအဖွဲ့က ပံ့ပိုးပေးသွားပါမည်။ အဖွဲ့က ရက်ချိန်းအတိုင်း ပုံမှန်လာရောက်စစ်ဆေးပေးမည့်အပြင် မိသားစုထဲမှ ပြုစုစောင့်ရှောက်သူများကို လေ့ကျင့်ပေးခြင်း၊ ပညာပေးခြင်းများကိုလည်း ပြုလုပ်ပေးသွားပါမည်။ အရေးပေါ်အခြေအနေဖြစ်လာပါက နာတာရှည်ဆေးရုံဝန်ထမ်းများကို တစ်ရက် 24 နာရီ၊ တစ်ပတ် 7 ရက်၊ ဖုန်းဖြင့် ဆက်သွယ်ခေါ်ဆို၍ရပါသည်။
လူနာသည် နေထိုင်မှုဘဝအထောက်အကူပြုပစ္စည်းကိရိယာအစုံအလင်ရှိသည့် ဆေးရုံ သို့မဟုတ် ဘိုးဘွားရိပ်သာတွင် နေထိုင်ခြင်းဖြစ်ပါက အဆိုပါနေရာတွင် ရရှိနေသည့် ပြုစုစောင့်ရှောက်မှုအပြင် ဆင့်ကဲစောင့်ရှောက်မှုကိုလည်း နာတာရှည်ဆေးရုံအဖွဲ့က ပံ့ပိုးပေးပါသည်။

**တွေးထင်ထားသည်များ**

ကျန်းမာရေးအာမခံမထားရှိသည့်အတွက် နာတာရှည်ဆေးရုံဝန်ဆောင်မှုကို မရရှိလောက်ပါ။

**တကယ့်လက်တွေ့**

ဖယ်ဒရယ် သို့မဟုတ် ပြည်နယ်အကူအညီဆိုင်ရာ သတ်မှတ်ချက်ပြည့်မီမှုမရှိသည့် သူများနှင့် ရရှိနိုင်သော ရင်းမြစ်များကို ရှာပေးနိုင်မည့် ကျန်းမာရေးအာမခံမရှိသည့် သူများ သို့မဟုတ် မိသားစုများကို နာတာရှည်ဆေးရုံဘက်က ကူညီပေးသွားပါမည်။ ပေးချေမှုဆိုင်ရာ ရွေးချယ်ပိုင်ခွင့်များတွင် ကိုယ်တိုင်ကိုယ်ကျပေးချေခြင်းနှင့် ကုသိုလ်ဖြစ်အဖွဲ့အစည်းများက ပေးချေခြင်းများပါဝင်ပါသည်။

**တွေးထင်ထားသည်များ**

ကျွန်ုပ်အနေဖြင့် နာတာရှည်ဆေးရုံကို သွားနိုင်ပြီဟု ကျွန်ုပ်ဆရာဝန်ကပြောသော်လည်း ၎င်းဆေးရုံသို့ တက်ရောက်ရန် သတ်မှတ်ချက်ပြည့်မီခြင်းမရှိဟု ဆေးရုံသူနာပြုက ပြောလာခြင်းကြောင့် ကျွန်ုပ်စာရင်းသွင်း၍မရပါ။

**တကယ့်လက်တွေ့**

ကံမကောင်းသည့် အချက်မှာ လူနာသည် ကျွမ်းကျင်ပညာရှင်နှစ်ဦးအမြင်မတူကွဲလွဲမှုကြုံတွေ့ရသည့် အခါများရှိတတ်ခြင်းဖြစ်သည်။ အမြင်မတူသည့် အခါများနှင့်ကြုံရပါက သင့်ကင်ဆာအထူးကုရုံးသို့ ဆက်သွယ်ပြီး သင့်သမားတော်၏သူနာပြုကို ထိုအကြောင်းပြောပြပါ။ ၎င်းတို့က နာတာရှည်ဆေးရုံသို့ ဆက်သွယ်ပြီး အခြေအနေကို ဖြေရှင်းပေးပါလိမ့်မည်။

**တွေးထင်ထားသည်များ**

နာတာရှည်ဆေးရုံတက်လျှင် ငွေတောင်းခံလွှာများ လက်ခံရရှိနေမည်ဖြစ်ပြီး အကုန်အကျများမည်ဟု ကြားဖူးပါသည်။

**တကယ့်လက်တွေ့**

သင့်တွင် ကျန်းမာရေးအာမခံရှိမည်ဆိုပါက ငွေရေးကြေးရေးကိစ္စများကြောင့် နာတာရှည်ဆေးရုံကို မတက်ဘဲ နေစရာ အကြောင်းမရှိပါ။ နာတာရှည်ဆေးရုံကုန်ကျစရိတ်သည် ပုံမှန်ကုသစရိတ်လောက် ကုန်ကျခြင်းမရှိပါ။ နာတာရှည်ဆေးရုံသည် “Medicare”၊ “Medicaid”နှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီအများစုနှင့် အကျုံးဝင်သည့် အားလုံးပါဝင်သော အကျိုးခံစားခွင့်တစ်ရပ်ဖြစ်ပါသည်။ Medicare နာတာရှည်ဆေးရုံအကျိုးခံစားခွင့် (Medicare Hospice Benefit) သည် နောက်ဆုံးအဆင့်ရောက်နေသည့် ရောဂါများအတွက် ပူးတွဲပေးချေမှုများ သို့မဟုတ် အိတ်စိုက်ကုန်ကျစရိတ်ကျခံရခြင်းများ မရှိဘဲ 100% အပြည့်အကာအကွယ်ပေးပါသည်။
သင့်အကျိုးခံစားခွင့်နှင့် အကျုံးဝင်သည်များကို အတိအကျသိရှိရရန်အတွက် သင့်အာမခံအကြောင်းကို နားလည်သည့် နာတာရှည်ဆေးရုံမှ ဝန်ဆောင်မှုပံ့ပိုးသူနှင့် ပြောကြည့်ခြင်းက အကောင်းဆုံးဖြစ်ပါသည်။

# စုံစမ်းမေးမြန်းလိုပါက။

**သင့်နယ်မြေဒေသတွင် ရှိနေသော နာတာရှည်ဆေးရုံဆိုင်ရာ နောက်ထပ်အချက်အလက်များအတွက် သင့်ဆရာဝန်အား မေးမြန်းပါ။**

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association